# မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများတိုးမြှင့်ရရှိလာရေးဆိုင်ရာ လုပ်ငန်းစီမံချက်၏ အတွေ့အကြုံ မျှဝေခြင်းစာအုပ်












မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ စီစဉ်ထုတ်ဝေသည်။ (၂၀၁၉)

## မာတိကာ

ကျေးဇူးတင်လွှာ

အခန်း (၁) အဖွဲ့မိတ်ဆက် ........................................................................................................................

အခန်း (၂) မြန်မာနိုင်ငံရှိမသန်စွမ်းသူများနှင့် ရွေးကောက်ပွဲတွင်မဲပေးခွင့်........................................................................

အခန်း (၃) စီမံကိန်းနှင့် စီမံချက်လုပ်ငန်းစဉ်များ ..........................................................................................................

အခန်း(၄) အဓိကကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများနှင့် ပါဝင်ခဲ့သူများ၏ စကားသံများ........................................................................

အခန်း (၅) ဓါတ်ပုံမှတ်တမ်းများ........................................................................................................................

နိဂုံးချုပ်

## ကျေးဇူးတင်လွှာ (Acknowledgement)

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(မီလီ)သည် မသန်စွမ်းသူများ အခွင့်အရေး တန်းတူ ညီမျှရရှိရေး၊ ကိုယ်တိုင်ဆုံးဖြတ်ဘဝရပ်တည်နိုင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အများနည်းတူ ဝင်ဆံ့လာနိုင်ရေးတို့ အတွက် ရည်မှန်းချက်ထားဆောင်ရွက်နေသော မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သည့် မသန်စွမ်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

အဖွဲ့သည် မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲနယ်ပယ်ကဏ္ဍတွင် ပါဝင် ဆောင်ရွက်မှု မြှင့်တင်ရေးအတွက် စီမံကိန်းများ ချမှတ်ပြီး ပထမဦးဆုံး အစပြုလုပ်ဆောင်သော မသန်စွမ်းအဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းပြီး ရွေးကောက်ပွဲ ဥပဒေမူဘောင်များ၊ မဟာ ဗျူဟာ လုပ်ငန်းစဉ်များနှင့် မဲရုံမှူးလက်စွဲတွင် မသန်စွမ်းသူအခွင့်အရေးများ ပါဝင်ပြဋ္ဌါန်းပေးလာရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ ကော်မရှင်ဝန်ထမ်းများအား သင်တန်းများပို့ချပေးခြင်း၊ နိုင်ငံ၏ မဲစာရင်း ပြုစုရေးစီမံချက်တွင် ပါဝင်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေး သင်တန်းများ ပို့ချခြင်း၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများအား မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာများပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား အရေးဆို တင်ပြခြင်း၊ မီဒီယာများအား စည်းရုံး လှုံ့ဆော်ခြင်း၊ ရေဒီယိုအစီအစဉ်များ ထုတ်လုပ်အသံလွှင့်ခြင်း၊ ပညာပေး ရုပ်/သံဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်း၊ မသန်စွမ်းသူများအကျိုးဝင် မဲဆန္ဒရှင် အသိ ပညာပေး လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အားလုံးလက်လှမ်းမီ ပါဝင်မဲပေးနိုင်သော စံပြမဲရုံများ ဖော် ဆောင်ခြင်းနှင့် ရွေးကောက်ပွဲများအား လေ့လာစောင့်ကြည့်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက် ခဲ့ပါသည်။ အထူးသဖြင့် ကော်မရှင်နှင့် လက်တွဲပြီး ပိုးချဲလ်လျှောက်လမ်းနှင့် မသန်စွမ်းသူများ အတွက် အစီအမံများပါဝင်သော မဲရုံများကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ဆောက်နိုင်ခဲ့သလို မျက်မမြင်မဲဆန္ဒရှင်များ အကူလူမလိုပဲ မိမိဘာသာ ကိုယ်တိုင် လျှို့ဝှက်မဲပေးနိုင်သည့်စနစ်ကိုလည်း မြန်မာနိုင်ငံအတွက် ပထမဆုံး တီထွင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် မသန်စွမ်းသူများအတွက် နိုင်ငံရေးသိပ္ပံသင်တန်းများ၊ နိုင်ငံသားအသိပညာပေးသင်တန်းများနှင့် ငြိမ်းချမ်းရေးသင်တန်းများ လည်း ပို့ချပေးလျက်ရှိပါသည်။

ယခုလို ဖော်ပြပါလုပ်ငန်းစဉ်များနှင့် အောင်မြင်မှုများ ဖြစ်ပေါ်ရေးအတွက် ယုံကြည်စွာ ပံ့ပိုးဆောင်ရွက်မှုများ ပြုလုပ်ပေးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်ခွဲအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ စနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES)၊ နိုင်ငံရေးပါတီများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။

**နေလင်းစိုး**
**မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့**


## အခန်း (၁) အဖွဲ့မိတ်ဆက်

### (၁.၁) မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(မီလီ)ဆိုသည်မှာ


မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ) သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က(မှတ်ပုံတင်အမှတ်-၁/ပြည်တွင်း/၀၆၅၁)ဖြင့် အသိအမှတ်ပြုထား သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူကာ မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သော အဖွဲ့အစည်း တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်း သူများကိုယ်တိုင်ဆုံးဖြတ် ဘဝရပ်တည်နိုင်ရေး၊ သာတူညီမျှအခွင့်အရေးရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အလုံးစုံအကျုံး ဝင်နိုင်စေရေး တို့ကို ရည်မှန်းချက်ထားဆောင်ရွက်နေပါသည်။ လက်ရှိတွင် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်၊ အတားအဆီးကင်း ဝန်းကျင်ဖော်ဆောင်ရေး၊ အားကစား၊ အနုပညာ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် မသန်စွမ်းသူများအကျုံးဝင်ပါဝင်ရေးနှင့်အခွင့်အရေးများ တိုးတက်ရရှိစေရေးတို့ အတွက် ဆောင်ရွက် လျက်ရှိပါသည်။

### (၁.၂) အဖွဲ့တည်ဆောက်ပုံနှင့် လှုပ်ရှားဆောင်ရွက်နေသည့် နယ်ပယ်ကဏ္ဍများ

အဖွဲ့၏ရုံးချုပ်သည် ရန်ကုန်မြို့တွင် တည်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် နယ်ရုံးခွဲပေါင်း ၂၈ ခု ရှိသည်။ အဖွဲ့ကို ဖွံ့ဖြိုးရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင် နှင့် နိုင်ငံရေး မဏ္ဍိုင် ဟူသည့် မဏ္ဍိုင် (၃) ရပ် ဖြင့် **တည်ဆောက်ထားသည်။**



### (၁.၃) မီလီ၏နယ်ရုံးခွဲများ (update ပြုလုပ်ရန်လို-နေပြည်တော်ရုံးခွဲထည့်ရန်)




| | | |
|---|---|---|
| ကချင်ပြည်နယ် | ၁ | ဗန်းမော်ရုံးခွဲ |
| | ၂ | မိုးညှင်းရုံးခွဲ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ချပ်သင်းရုံးခွဲ |
| ပဲခူးတိုင်းဒေသကြီး | ၁ | ကျောက်ကြီးရုံးခွဲ |
| | ၂ | ကြို့ပင်ကောက်ရုံးခွဲ |
| | ၃ | တောင်ငူရုံးခွဲ |
| | ၄ | ပဲနွယ်ကုန်းရုံးခွဲ |
| | ၅ | အုတ်တွင်းရုံးခွဲ |
| မကွေးတိုင်းဒေသကြီး | ၁ | မကွေးရုံးခွဲ |
| | ၂ | မိချောင်းရဲ ရုံးခွဲ |
| မန္တလေးတိုင်းဒေသကြီး | ၁ | ကျောက်ပန်းတောင်းရုံးခွဲ |
| | ၂ | မိုးကုတ်ရုံးခွဲ |
| | ၃ | ရမည်းသင်းရုံးခွဲ |
| မွန်ပြည်နယ် | ၁ | ရင်းဖြိမ် ရုံးခွဲ |
| | ၂ | လမိုင်း ရုံးခွဲ |
| ရခိုင်ပြည်နယ် | ၁ | စစ်တွေ ရုံးခွဲ |
| | ၂ | ပုဏ္ဏားကျွန်း ရုံးခွဲ |
| | ၃ | မြောက်ဦး ရုံးခွဲ |
| ရန်ကုန်တိုင်းဒေသကြီး | ၁ | ဥက္ကံ ရုံးခွဲ |
| ရှမ်းပြည်နယ် | ၁ | တောင်ကြီး ရုံးခွဲ |
| ဧရာဝတီတိုင်း ဒေသကြီး | ၁ | ကျုံပျော် ရုံးခွဲ |
| | ၂ | ငပုတော ရုံးခွဲ |
| | ၃ | မြောင်းမြ ရုံးခွဲ |
| | ၄ | ရေကြည် ရုံးခွဲ |
| | ၅ | ဝါးခယ်မ ရုံးခွဲ |
| | ၆ | သာပေါင်း ရုံးခွဲ |
| | ၇ | သဃ်န်းကုန်း ရုံးခွဲ |

## အခန်း (၂) မြန်မာနိုင်ငံရှိမသန်စွမ်းသူများနှင့် မဲပေးခွင့်

### (၂.၁) မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခြေအနေ

မြန်မာနိုင်ငံ အိမ်အကြောင်းအရာနှင့် လူဦးရေ သန်းခေါင်စာရင်း(၂၀၁၄)အရ နိုင်ငံလူဦးရေ ၏ ၄.၆ရာခိုင်နှုန်း (၂.၃သန်းခန့်) မသန်စွမ်းသူများဖြစ်ပြီး ၎င်းတို့အနက် သုံးပုံနှစ်ပုံ ခန့်ဖြစ်သည့် မသန်စွမ်းသူ ၁၅သိန်းခန့်မှာ အသက်၁၈နှစ်အထက် မဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူ နိုင်ငံသားများ ဖြစ်ကြသည်။မသန်စွမ်းသူများ ရွေးကောက်ပွဲနှင့် နိုင်ငံရေးကိစ္စများတွင် တန်းတူပါဝင်ဆောင်ရွက်ခွင့် အတွက် နိုင်ငံတော်၏ မူဝါဒရေးရာ ပြဌာန်းချက်များအား အောက်ပါအတိုင်းကောက်နှုတ် တင်ပြ အပ်ပါသည်-

- ၂၀၀၈ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (ပုဒ်မ ၃၂ က) တွင် နိုင်ငံတော်သည် "မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ ကလေးများ၊ ကျဆုံး သွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်" ဟု အလေးပေးဖော်ပြထား ပါသည်။
- မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းအပိုဒ် (၂၉) တွင် မသန်စွမ်း သူများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ တန်းတူရရှိရေး အတွက် ဖော်ပြထားပါသည်။
- ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ အခန်း (၈) တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သည့် မသန်စွမ်းသူ များအခွင့်အရေး နည်းဥပဒေ၏အခန်း (၆) တွင် လည်းကောင်း၊ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများအား သေချာစေရေးအတွက် ဖော်ပြထား ပါသည်။

### (၂.၂) နိုင်ငံရေးနှင့် ရွေးကောက်ပွဲနယ်ပယ်တွင် မီလီ၏စတင်အခြေချ ပါဝင်လှုပ်ရှားခဲ့မှုဆိုင်ရာ နောက်ခံအကျဉ်း

မြန်မာနိုင်ငံရှိမသန်စွမ်းသူများအရေးကိစ္စသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် ပိုမို အားကောင်းလာခဲ့ပြီး ထိုအချိန်မှအစပြု၍ မသန်စွမ်းသူများကဏ္ဍပေါင်းစုံမှဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံရှိ မသန်စွမ်းအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည်။ သို့ရာတွင် ၎င်းအချိန်က မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့်အလုပ်အကိုင်၊ ပြန်လည်ထူထောင်ရေး အစရှိသည့် က ဏ္ဍများတွင်သာ အစပျိုးဆောင်ရွက်နိုင်ခဲ့ကြသည့် အခြေအနေဖြစ်သည်။

မသန်စွမ်းသူများသည် နိုင်ငံသားများဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ ကဏ္ဍပေါင်းစုံတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပြီး မသန်စွမ်းသူများ၏အရေးကိစ္စသည် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပရဟိတလုပ်ငန်များကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့်သာသက်ဆိုင်သည့် အရေးကိစ္စမဟုတ်ဘဲ လူ့အဖွဲ့ အစည်း တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အဓိက ကိစ္စရပ်တစ်ခုဖြစ်သည်။

ထို ့ကြောင့်မြန်မာနိုင်ငံ၏ တရားမျှတပြီး အားလုံးအတွက် အခွင့်အရေးတန်းတူရရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်သည့် ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲမှစတင်ကာ မသန်စွမ်းသူနိုင်ငံသားများ၏ နိုင်ငံ့အရေးအရာများတွင် ပါဝင်ဆောင်ရွက်မှုသည် အုတ်တစ်ချပ်သဲတစ်ပွင့် အရေးပါအရာရောက်ကြောင်း မသန်စွမ်းသူများနှင့်အသင်းအဖွဲ့များမှ စတင်လက်ခံလာခဲ့သည်။ ထို့အပြင် မသန်စွမ်းသူများ၏ အရေးကိစ္စသည်ဖွံ့ဖြိုးရေး ကဏ္ဍအောက်မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းနှင့်အတူ နိုင်ငံရေး၊ ရွေးကောက်ပွဲနှင့် မူဝါဒရေးဆွဲရေးကဏ္ဍများတွင် မသန်စွမ်းသူများပါဝင်ဆောင်ရွက်ခြင်းက မိမိတို့ အတူတကွ ချီတက်နေသည့် အားလုံးတန်းတူညီမျှသော အခွင့်အရေးများရရှိစေရန် ဖန်တီးထားသည့် လူ့အသိုက်အဝန်းတစ်ခု ဖော်ဆောင်ရာတွင် ပိုမိုခရီးရောက်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင် လာခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့အနေဖြင့် ၂၀၁၂ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှသည် ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများတွင် မသန်စွမ်းသူမဲဆန္ဒရှင်များနှင့် လူနည်းစုများ၏ မဲပေးခွင့်၊ ကိုယ်စား လှယ်လောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်၊ အားလုံးလက်လှမ်းမီမဲပေးနိုင်သော မဲရုံအခင်း အကျင်းနှင့် စနစ်များဖော်ဆောင်လာနိုင်ရေး၊ မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေ၊ မဟာဗျူဟာစီမံကိန်းများနှင့် မူဝါဒလမ်းညွှန်များဖြစ်ပေါ်လာရေး၊ မသန်စွမ်းသူများ စွမ်းရည် မြှင့်တင်ခြင်းနှင့် ဆက်စပ်ပတ်သက်နေသူများအား အသိပညာပေးခြင်း စသည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်နိုင်ခဲ့ပြီး ပထမဦးဆုံးသော နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာနယ်ပယ်တွင် ပါဝင် ဆောင်ရွက်ခဲ့သည့် မသန်စွမ်းအဖွဲ့အစည်းအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့သည်။

## အခန်း (၃) စီမံချက်နှင့် စီမံချက်လုပ်ငန်းစဉ်များ

**စီမံချက်အမည်** - မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ တိုးမြင့်ရရှိလာရေးဆိုင်ရာ လုပ်ငန်းစီမံချက်

**စီမံချက်ကာလ** - ၂၀၁၇ခုနှစ် ဇွန်လ၁ရက်နေ့ မှ ၂၀၁၉ခုနှစ် မေလ ၃၁ရက်နေ့

### (၃.၁) စီမံချက်၏ ဦးတည်အုပ်စုများ


- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ
- နိုင်ငံရေးပါတီများ
- လွှတ်တော်အမတ်များ
- ရွေးကောက်ပွဲများကို ဆောင်ရွက်နေသော ပြည်တွင်းအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ
- မသန်စွမ်းအဖွဲ့များ
- မသန်စွမ်းသူများနှင့် မိသားစုဝင်များ
- ရပ်ရွာလူထု
- မီဒီယာ

### (၃.၂) စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများ

စီမံချက်ကို USAID ၏ရန်ပုံငွေ၊ International Foundation for Electoral Systems (IFES)၏ ကူညီပံ့ပိုးမှု တို့ဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။


### (၃.၃) စီမံချက်မှ အကျိုးခံစားခွင့်ရရှိသူများ


| ကျား၊မ ခွဲခြားမှု | |
|---|---|
| ကျား | ၅၁၃ ဦး |
| မ | ၃၃၉ ဦး |
| စုစုပေါင်း | ၈၅၂ ဦး |



| မသန်စွမ်းမှုအမျိုးအစားအလိုက် ခွဲခြားမှု | |
|---|---|
| ကိုယ်အင်္ဂါ မသန်စွမ်းသူ | ၃၈၇ ဦး |
| အမြင်အာရုံ မသန်စွမ်းသူ | ၃၄ ဦး |
| အပြော/အကြားအာရုံ မသန်စွမ်းသူ | ၁၀၀ ဦး |
| ဉာဏ်ရည်မသန်စွမ်းသူ | ၃၇ ဦး |
| မသန်စွမ်း မဟုတ်သူ | ၂၉၄ ဦး |
| **စုစုပေါင်း** | **၈၅၂ ဦး** |

| ကဏ္ဍအလိုက် ခွဲခြားမှု | |
|---|---|
| မသန်စွမ်းအဖွဲ့အစည်းများ | ၅၁၇ ဦး |
| ပြည်တွင်းအဖွဲ့အစည်းများ | ၄၇ ဦး |
| နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ | ၂ ဦး |
| စီးပွားရေးလုပ်ငန်းရှင်များ | ၂ ဦး |
| အစိုးရဌာနများ | ၆၁ ဦး |
| နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ | ၁၀၅ ဦး |
| မီဒီယာ | ၉ ဦး |
| တစ်ဦးချင်း | ၁၀၉ ဦး |
| **စုစုပေါင်း** | **၈၅၂ ဦး** |



(၃.၃) စီမံချက်လုပ်ငန်းစဉ်များ

1) မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့ အစည်းများ အတွက် နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ ကျင်းပပြုလုပ်ခြင်း။

2) မြန်မာနိုင်ငံရှိမသန်စွမ်းအဖွဲ့ အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ ခေါင်းဆောင်များအား ရွေးချယ်ပြီး ဒီမိုကရေစီစနစ်ကျင့်သားရပြီးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးစဉ် စီစဉ်ပို့ဆောင်ပေးခြင်း။

3) မသန်စွမ်းအဖွဲ့ အစည်းများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များ ဆင့်ပွားပို့ ချနိုင်ရန်အတွက် ငွေကြေးနှင့် နည်းပညာ ထောက်ပံ့ကူညီခြင်း။

4) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများအား ဖိတ်ခေါ်၍ မသန်စွမ်းသူများ အကျုံးဝင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း။

5) နိုင်ငံရေးပါတီများ၊ လွှတ်တော်အမတ်များ၊ မီဒီယာအဖွဲ့အစည်းများနှင့် နိုင်ငံရေးအခြေပြု NGO များအား ဖိတ်ခေါ်၍ မသန်စွမ်းသူများ အကျုံးဝင်မှုသင်တန်းများ များ ဖွင့်လှစ်ပို့ချပေးခြင်း။

6) ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းအဖွဲ့အစည်း၅ ဖွဲ့က စုပေါင်း တင်ပြခဲ့သော အစိုးရ သက်တမ်း ၅ နှစ်အတွင်း ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုသည့် လိုလားချက်(၁၁)ချက်ပါ Policy Toolkit အား အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် Follow up ပြုလုပ်၍ တိုက်တွန်း နှိုးဆော်ခြင်း။

7) IEC ပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေခြင်း။

## အခန်း(၄) အဓိကကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများနှင့် စီမံချက်လုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့သူများ၏ စကားသံများ

### (၄.၁) အဓိကကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများ

- နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာသင်တန်းများကျင်းပသည့်အခါ သင်တန်းသား (၄၀)ဦးသည် သင်တန်းတစ်ခုအတွက် အနည်းငယ်များပြားသည့် အရေအတွက် ဖြစ်ခဲ့ပါသည်။ထို့ကြောင့် အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် သင်တန်းဆရာမှ တစ်ဦးချင်းစီ၏ နားလည်သဘောပေါက်မှုကို ချိန်ညှိပြင်ဆင်ဆောင်ရွက်သည့်အခါတွင် အခက်အခဲရှိခဲ့ပါသည်။
- နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဆင်းသင်တန်းသားများသည် အခြေခံအဆင့် တတ်မြောက်ပြီးသော်လည်း နောက်ထပ်လေ့လာမှုများကို ပြုလုပ်ရန်လိုအပ်ပါသည်။ ထို ့ကြောင့် မသန်စွမ်းသူများအား ဦးတည်ဆောင်ရွက်သော နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ တစ်ဆင့်မြင့် သင်တန်းများပါ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။
- နိုင်ငံရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းများ ပြုလုပ်သည့်အခါ ရွေးချယ်ထားသော Proposal အောင်မြင်သည့် အဖွဲ့များအတွက် ငွေကြေးအစီအစဉ်များရေးဆွဲခြင်းနှင့် ငွေကြေးသုံးစွဲခြင်းဆိုင်ရာစနစ်များအတွက် နေ ့တစ်ဝက်ခန့် သင်တန်းပေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်ပါသည်။
- အင်ဒိုနီးရှားနိုင်ငံသို ့သွားရောက်ပြီး အတွေ့အကြုံများအားလေ့လာခဲ့သည့်ခရီးစဉ်သည် ကောင်းမွန်သည့် အတွေ့အကြုံ သင်ယူစရာများစွာ ရရှိခဲ့သော်လည်း သုံးရက်တာလေ့လာမှုအတွင်း တွေ့ဆုံမှုအစီအစဉ်များမှာ များပြားလွန်းခဲ့သည့်အတွက် နောင်တွင် အစီအစဉ်နဲ့အချိန်ကာလကို ချိန်ညှိဆောင်ရွက်ရန်လိုအပ်ပါသည်။
- ပြည်ထောင်စုရွေးကောက်ပွဲကောက်ပွဲကော်မရှင်ရုံးနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအတွက် မသန်စွမ်းသူများ အကျုံးဝင်မှုသင်တန်းများ ကျင်းပပြုလုပ်ခြင်းသည်

အမှန်တကယ်ထိရောက်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။သို ့သော် အနာဂါတ်လုပ်ဆောင်မှုများတွင် မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် မြို့နယ်နဲ့ ရပ်ကျေးအဆင့် ကော်မရှင်အဖွဲ့ခွဲများအား အဆိုပါ သင်တန်းများကို ကျင်းပပြုလုပ်ပေးနိုင်ပါက ပိုမိုထိရောက်သော လုပ်ငန်းစဉ်ဖြစ်နိုင်ပါသည်။

- နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ အတွက် မသန်စွမ်းသူများ အကျုံးဝင်မှုသင်တန်းများကို ကျင်းပသည့်အခါ မီဒီယာမှ ကိုယ်စားလှယ်များမှ ၂ရက်တာ အချိန်ပြည့် ပါဝင်ဆွေးနွေးရန် ခက်ခဲကြောင်းတွေ့ရှိရပြီး ၄င်းတို့မှာ သတင်းရယူရန်သာ ဆန္ဒရှိကြောင်းတွေ့ရသည်။ အနာဂတ်တွင် မီဒီယာများကို သီးသန့်ဦးတည်သော လုပ်ငန်းစဉ်များ ဆောင်ရွက်သင့်ပါသည်။
- မသန်စွမ်းသူအချင်းချင်းအကြား ခွဲခြားဆက်ဆံသည့်သဘောမသက်ရောက်စေနိုင်ရန် အနာဂတ်လုပ်ငန်းစဉ်များ တွင် မသန်စွမ်းမှုပြင်းထန်သူများအတွက် အကူလူခေါ်လာနိုင်ရန် ကုန်ကျစရိတ်များအား ထည့်သွင်း စဉ်းစားပေးရန် လိုအပ်ပါသည်။
- စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်ကာလအတွင်း ရုံးအပြောင်းအရွေ ့သုံးကြိမ်ရှိခဲ့ပြီး စီမံကိန်းဆိုင်ရာ ပစ္စည်းများနှင့်အချက်အလက်များကို မပျောက်မပျက်အောင် ထိန်းသိမ်းပြောင်းရွှေ့ခဲ့ရပါသည်။ နောင်တွင် ရုံးခန်းအတည်တကျဖွင့်လှစ်အကောင်အထည်ဖော်နိုင်ပါက စီမံကိန်းအား ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။
- စီမံကိန်းကာလအတွင်း ဝန်ထမ်းများရာထူးတိုးခြင်း၊မီးဖွားခြင်းနှင့် အလုပ်ပြောင်းရွှေ ့ခြင်းကြောင့် ဝန်ထမ်း ပြောင်းရွှေ့မှု (၃)ခါရှိခဲ့ပါသည်။ အနာဂတ်တွင် နှစ်အလိုက် ခံဝန်ချုပ်ဆိုမှုဖြင့် ဝန်ထမ်းများအား ခန့်ထားခြင်းဖြင့် ကာလတိုသာကျန်ရှိသည့် အခြေအနေများတွင် ဝန်ထမ်းများ ပြောင်းရွှေ ့ခြင်းအား ထိန်းချုပ်ပြီး စီမံချက်လုပ်ငန်းစဉ်များ အချိန်မီပြီးစီးနိုင်ရန် အထောက်အကူဖြစ်မည် ဖြစ်ပါသည်။

### (၄.၂) စီမံချက်လုပ်ငန်းစဉ်များတွင် ပါဝင်ခဲ့သူများ၏ စကားသံများ (လူပုံများတွဲရန်)

အမည် - ဦးခင်မောင်မောင်

အဖွဲ့အစည်း - ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

မသန်စွမ်းမှုအမျိုးအစား - မသန်စွမ်း မဟုတ်သူ

**အတွေ့အကြုံများ**-"မသန်စွမ်းသူများ အကျုံးဝင်မှု သင်တန်းရရှိခဲ့တဲ့အတွက်ကြောင့် မသန်စွမ်းသူတွေအားလုံး အကျုံးဝင်ပါဝင်နိုင်တဲ့ ရွေးကောက်ပွဲဖြစ်စဉ်တွေ အတွက် ကျနော်တို့ရဲ ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နည်းဥပဒေနဲ့အညီ မသန်စွမ်းသူများအတွက် မဲရုံတွေပြုလုပ်တဲ့အခါမှာ မဲရုံကဘယ်လိုပြင်ဆင်ရမလဲဆိုတာတွေ သိရှိလုပ်ဆောင်လာနိုင်တယ် - ဥပမာမဲရုံရဲ့ ဝင်လမ်းထွက်လမ်းဟာ ၃ ပေအကျယ်ရှိရမယ်၊ မဲပုံးခုံရဲ့အမြင့်ဟာ ၂ ပေခွဲရှိရမယ်။ နောက်ပြီးတော့ မသန်စွမ်းသူများအတွက် အားလုံးအဆင်ပြေဖို့အတွက်ဆိုရင် မဲရုံတွေဟာ မြေညီထပ်မှာပဲ ပြုလုပ်ရမယ်ဆိုတာကို ကျနော်တို့ ဒီသင်တန်းကနေပြီးတော့ ပို့ချလိုက်တဲ့အတွက် တိတိကျကျသိရပါတယ်။ အဲ့လိုသိတဲ့အတွက် ကျနော်တို့ဟာ ပြည်နယ်နဲ့/တိုင်းပြန်ရောက်တဲ့အခါမှာ ကိုယ့်သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ပြန်လည်ပို့ချနိုင်ခဲ့ပါတယ်"

**အကြံပြုချက်များ** - "ကျွန်တော်တို့အကြံပြုချင်တာကတော့ နောက်သင်တန်းတွေဖွင့်တဲ့အခါမှာ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းမှာရှိတဲ့ မဲရုံလုပ်ငန်းတွေမှာ အဓိကတာဝန်ယူလုပ်ကိုင်နေရတဲ့ ရပ်ကျေးအဖွဲ့ဝင်တွေနဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေကိုလည်း ခေါ်ယူပြီးသင်တန်းပို့ချမယ်ဆိုရင် ပိုအဆင်ပြေမယ် ပိုထိရောက်မယ်လို့ ထင်ပါတယ်"

အမည် - ဒေါ်အေးသဥ္ဇာမောင်
အဖွဲ့အစည်း - မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်
မသန်စွမ်းမှုအမျိုးအစား - အမြင်အာရုံမသန်စွမ်းသူ
**အတွေ့အကြုံများ**-- "အင်ဒိုနီးရှားနိုင်ငံကိုသွားရောက်ပြီး ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကို လေ့လာခွင့်ရခဲ့ပါတယ် အင်ဒိုနီးရှားမှာက မြန်မာနိုင်ငံမှာလိုဆိုရင် မသန်စွမ်းသူများ အသင်းချုပ်လို အဖွဲ့အစည်းမျိုးကနေပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မသန်စွမ်းအဖွဲ့အစည်းသေးသေးလေးတွေဆီကနေ စုပေါင်းရောက်ရှိလာတဲ့ အသံတွေကို ယူတယ် စုစည်းပြီးတော့မှ မသန်စွမ်းတွေကို ဘာလုပ်ပေးဖို့ လိုတယ်ဆိုတာကို သူတို့ထောက်ပြတယ်။ အဲ့လိုထောက်ပြတာကိုလည်း ဒီက KPU(ရွေးကောက်ပွဲ ကော်မရှင်) ကလက်ခံတယ်။ လက်ခံပြီးတော့ တကယ်လည်းလုပ်ပေးတယ်ပေါ့နော်၊ တစ်ကယ့်ကို မသန်စွမ်းသူတွေ လက်လှမ်းမီအောင် မဲရုံတွေကို လမ်းထောင့်လိုနေရာမျိုးတွေ၊အလွယ်တကူသွားလာနိုင်တဲ့နေရာမျိုးလေးတွေမှာ စီစဉ်ပေးထားတယ်။ မသန်စွမ်းသူတွေအတွက် ထည့်သွင်းစဉ်းစားပေးတယ်။ အစဉ်ပြေအောင်လည်း လုပ်ပေးတယ်ဆိုတာ မြင်ရတယ်ပေါ့နော်။ မဲဆန္ဒရှင်အသိပညာပေးကို ဖုန်းapplication နဲ့ မသန်စွမ်းသူတွေပါ သုံးနိုင်အောင် လုပ်ပေးထားတယ်။ အဲ့နည်းလမ်းလေးကအောင်မြင်တယ်ဆိုတာကို ကျွန်မတို့ တွေ့ခဲ့ရတယ်။ ဒါကြောင့်မိုလို့ ဒီ exposure trip က ကျွန်မတို့အတွက်ကတော့ တစ်ကယ့်ကိုတန်ဖိုးရှိတဲ့ ခရီးတစ်ခုပါ"

**အကြံပြုချက်များ** - "အမအနေနဲ့အကြံပေးချင်တာက အရင်ဆုံး ကိုယ့်တိုင်းပြည်မှာ ဘာတွေဖြစ်နေသလဲ ဘာတွေလုပ်ပေးထားသလဲ အားနည်းချက်တွေက ဘာတွေရှိလဲဆိုတာကို အရင်ဆုံးလေ့လာဖို့လိုတယ်ပေါ့နော်။ ဒီလိုလေ့လာပြီးတဲ့နောက်ပိုင်းမှာ ကိုယ့်တိုင်းပြည်မှာ လစ်ဟာနေတဲ့အရာလေး တွေကို ဘယ်လိုမျိုးဖြည့်ပေးမလဲ။ သူများနိုင်ငံကနေ ဘာတွေလေ့လာလို့ရမလဲဆိုတာကို နှိုင်းယှဉ်စဉ်းစားရမှာပေါ့။ ကိုယ့်တိုင်းပြည်မှာရှိတဲ့အရာ တွေကို မလေ့လာသွားရင်တော့ ဘယ်လိုပြန်သုံးလို့ရ မလဲဆိုတာကို မသိဘဲဖြစ်မှာလေ။ ဒါကြောင့်မိုလို့ အမအကြံပေးချင်တာကတော့ ကိုယ့်တိုင်းပြည်မှာရှိ တဲ့အရာကို အရင်ဆုံးလေ့လာသွားပါ ဆိုတာလေးကိုတော့ အကြံပြုချင်ပါတယ်"

အမည် - ဒေါ်စိုးမိုးဦး
အဖွဲ့အစည်း - Abilis Foundation, Myanmar
မသန်စွမ်းမှုအမျိုးအစား - ကိုယ်အင်္ဂါ မသန်စွမ်းသူ
**အတွေ့အကြုံများ**--"နိုင်ငံရေးနဲ့ရွေးကောက်ပွဲဆိုင်ရာ သင်တန်းတက်ရောက်ခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စာအုပ်အားဖြင့်တော့ အကြိမ်ကြိမ်ဖတ်ဖူးပေမဲ့ သင်တန်းတက်လိုက်ပြီးတော့မှပဲ ပိုပြီးကောင်းကောင်း နားလည်လာပါတယ်။ နိုင်ငံရေး၊ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ လုပ်နေတဲ့အဖွဲ့တွေအများကြီးရှိတယ်။ အများကြီးရှိပေမယ့် မသန်စွမ်းတဲ့သူတွေအတွက် ထည့်သွင်း စဉ်းစားပြီးတော့မှ လုပ်ဆောင်နေတဲ့အဖွဲ့တွေက အရမ်းကိုနည်းနေသေးတယ်။ ဒီလိုမသန်စွမ်းတွေကို ဦးတည်ဆောင်ရွက်တဲ့ သင်တန်းတွေ များများလုပ်ပေးရင်တော့ မသန်စွမ်းသူတွေလည်း ဒီနယ်ပယ်မှာ ပိုပြီးတော့မှ ပါဝင်ခွင့်တွေရလာမယ် သူတို ့ လက်လှမ်းမီလာမယ်ထင်တယ်"

**အကြံပြုချက်များ** - "နောက်ထပ်သင်တန်းတွေလုပ်မယ်ဆိုရင် မသန်စွမ်းအမျိုးသမီးတွေ အခုထက်ပိုပြီးတော့မှ ပါဝင်လာစေချင်ပါတယ်။ မသန်စွမ်းအမျိုးသမီးတွေရဲ့ပါဝင်ခွင့်ကို အခုထက်ပိုပြီးတော့မှ ရာခိုင်နှုန်းသတ်မှတ်ပြီး ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ ဒ့ါအပြင် အခြေခံအဆင့်နဲ့ နောက်တစ်ဆင့် Advance Level လိုမျိုးမံ သင်တန်းတွေပါ လိုအပ်ပါတယ်"

အမည် - ဇေယျာမင်း
အဖွဲ့အစည်း - မြန်မာနိုင်ငံမသန်စွမ်းသူများဖွံ့ဖြိုးရေးအဖွဲ့
မသန်စွမ်းမှုအမျိုးအစား - ကိုယ်အင်္ဂါ မသန်စွမ်းသူ
**အတွေ့အကြုံများ** - "အင်ဒိုနီးရှားခရီးစဉ်ကနေ သိရှိလာရတဲ့ အကြောင်း အရာကတော့ မဲရုံတွေကို လူသွား လူလာများတဲ့ လမ်းဆုံလမ်းခွလိုနေရာကျယ်ကျယ် မြေကွက်လပ်တွေမှာဆောက်ထားတယ်။ မိုဘိုင်းမဲရုံ တွေလည်းစီစဉ်ပေးထားတယ်။ အမြင်အာရုံမသန်စွမ်းသူတွေအတွက် အဓိကစီစဉ်ပေးတာဆိုလို့ရှိရင် ကျွန်တော်တို့ဆီမှာလိုပဲ မျက်မမြင်လက်စမ်းစာနဲ့စီစဉ်ထားတဲ့ Braille Template ပြင်ဆင်ဆောင်ရွက်ပေးထား တာတွေ့ရပါတယ်"

**အကြံပြုချက်များ** -"ဒီလို Exposure Trip တွေမသွားခင် ကိုယ့်နိုင်ငံက အခြေအနေ တွေကို သေသေချာချာလေ့လာသွားဖို့တော့လိုမယ်။ ဒါမှသာလျှင် ကျွန်တော်တို့ နိုင်ငံမှာရှိနေ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သူတို့ဘက်ကို ပြောပြပြီး အတွေ့အကြုံဖလှယ်လို့ရမယ်ပေါ့။ တစ်ဖက်က ပြောနေတာကိုပဲ ယူတာမဟုတ်ပဲနဲ့ ကိုယ့်မှာလည်းဘာဖြစ်နေတယ်ဆိုတာကို ပြောပြနိုင်တယ်ဆိုလို့ရှိရင် ပိုကောင်းပါတယ်။ ဒါ့ကြောင့် မသွားခင် သေချာလေ့လာသွားဖို့ လိုပါတယ်"

အမည် - ခိုင်ခိုင်ဆွေမြင့်
အဖွဲ့အစည်း -Women Federation for Peace
မသန်စွမ်းမှုအမျိုးအစား - မသန်စွမ်း မဟုတ်သူ

**အတွေ့အကြုံများ** - "မီလီက လုပ်တဲ့ မသန်စွမ်းသူများအကျုံးဝင်မှုသင်တန်းကနေ သိခဲ့တာက ကျွန်မတို့ အရင်က ဖြတ်သန်းလာခဲ့တဲ့တစ်လျှောက်လုံးမှာ လူနည်းစုတွေကို ခွဲထားလိုက်သလိုဖြစ်သွားတယ်။ ချန်ထားလိုက်ရင်းနဲ့ ကျန်ရစ်ခဲ့ရတယ်။ အစောကြီးကတည်းကသာ အမြဲတည့်သွင်းစဉ်းစားပေးခဲ့မယ်ဆိုရင် တန်းတူအခွင့်အရေး ရဖို့ အခုလောက်ခက်ခဲမှာ မဟုတ်ဘူး။ အခုကျတော့ အရမ်းကွာဟနေတယ်"

**အကြံပြုချက်များ** - "ကျန်းမာရေးကဏ္ဍက ပတ်သက်နေသူတွေရဲ့ အမြင်မှာ မသန်စွမ်းသူတွေကို ဆေးပညာ အမြင်ကနေပဲ မြင်နေသေးတယ်။သူတို့ ကို ဒီလိုသင်တန်းတွေပေးသင့်တယ်။မူဝါဒရေးဆွဲသူတွေကိုပါ ပေးသင့် တယ်။ Edutainment ပုံစံမျိုးနဲ့ အနုပညာကနေတစ်ဆင့် မသန်စွမ်းမှုအမြင်တွေကို ပြည်သူလူထုကြားမှာ အသိပညာပေးသင့်ပါတယ်"

အမည် - စန်းမြင့်မောင်
အဖွဲ့အစည်း -Freelence
မသန်စွမ်းမှုအမျိုးအစား - အကြားအာရုံမသန်စွမ်းသူ

**အတွေ့အကြုံများ** -"သင်တန်းကြီးတွေလုပ်ရင် ကုန်ကျစရိတ်လည်းမြင့်မားသလို လူနည်းနည်းဘဲခေါ်လို့ရတယ်၊ ဆင့်ပွား သင်တန်းတွေမှာကျတော့ လူတွေအများကြီးက ဒီလိုသတင်းအချက်အလက်ကိုအများကြီး ကျယ်ကျယ် ပြန့် ပြန့် သိသွားတယ်။ ဒုတိယတစ်ချက်ကတော့ သင်တန်းတွေလုပ်လို့ဆိုရင် ပထမမူရင်း သင်တန်းတွေမှာ လာသင်တဲ့ ဆရာတွေက လူကြီးပိုင်းတွေ ဖြစ်တဲ့အပြင် ဆရာတွေဖြစ်တဲ့အခါကြတော့ သင်တန်းသားတွေကထမေးရမှာ နည်းနည်းရှိန်တယ်၊ ကြောက်လည်းကြောက်ကြတယ်၊ ဆင့်ပွားသင်တန်းတွမှာကျတော့ မေးရမှာ သိပ်မကြောက် တော့ဘူး"

**အကြံပြုချက်များ** - "ကျွန်တော်တို့ လုပ်ခဲ့တဲ့ဆင့်ပွားသင်တန်းက အကြားအာရုံမသန်စွမ်းတွေချည်းတတ်တော့ ကုန်ကျစရိတ်ပိုများတယ်။ ဘတ်ဂျက်အပိုင်းကို လုံလုံလောက်လောက်ပြင်ဆင်ပေးပြီး ပြင်လွယ်ပြောင်းလွယ် ဖြစ်သင့်တာပေါ့"

အခန်း (၅) ဓါတ်ပုံမှတ်တမ်းများ

*နိဂုံး*

*မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ မသန်စွမ်းသူများ နိုင်ငံရေးနှင့် ရွေးကောက်ပွဲ ဖြစ်စဉ်များတွင် စဉ်ဆက်မပြတ် တန်းတူပါဝင်ဆောင်ရွက်နိုင်ခွင့်အတွက် ၂၀၁၂ ခုနှစ်မှ ယနေ့ အချိန်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ခရီးလမ်းတစ်လျှောက် လက်တွဲဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အသီးသီး၊ ကဏ္ဍစုံမှ ပံ့ပိုးခဲ့ကြသည့် ဆက်စပ် ပတ်သက်သူ အားလုံး၊ မသန်စွမ်းသူများအရေးအတွက် အမြဲအစဉ်သင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် မသန်စွမ်းလုပ်ဖော်ဆောင်ဖက်အားလုံးနှင့် မိလီ မိသားစုဝင်အားလုံးတို့အားအထူးကျေးဇူးတင်ရှိ ပါကြောင်းဖော်ပြအပ်ပါသည်။ ဆက်လက်၍လည်း အနာဂတ်ကာလတွင် မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲကဏ္ဍတွင် တိုးတက်မြင့်မားသော အောင်မြင်မှုများရရှိနိုင်ရေး အတွက် အစဉ်တစ်စိုက်ကြိုးပမ်းဆောင်ရွက် မည်ဖြစ်ပါကြောင်း ကတိပြုတင်ပြအပ်ပါသည်။*

နောက်ကျောဖုံး

## ၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး အရွေးချယ်ခံခဲ့ရသည့် မသန်စွမ်းသူ လွှတ်တော်ကိုယ်စားလှယ်များ



စောသူရအောင
ပဲခူးတိုင်းဒေသကြီးလွှတ်တော်
အုတ်ဖို မဲဆန္ဒနယ် (၂)
ကိုယ်အင်္ဂါမသန်စွမ်းသူ



ဦးအောင်ကျော်မြင့်
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်
အိမ်မဲ မဲဆန္ဒနယ် (၂)
ကိုယ်အင်္ဂါမသန်စွမ်းသူ



ဦးကျော်သူဟန်ထွန်း
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ကန့်ဘလူ မဲဆန္ဒနယ်(၂)
ကိုယ်အင်္ဂါမသန်စွမ်းသူ


မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(မီလီ)

အမှတ်(၁၇)၊သာယာအေးလမ်း၊(၃)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်။

ဖုန်း - ၀၁ ၉၆၆၉၁၃၃၊ ၀၉ ၄၅၀၀၆၇၂၄၇

အီးမေးလ် - info@mili.org.mm